ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၄ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန မှ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည့် လုပ်ငန်း(၁၀)ခု နှင့် ပတ်သက်၍ ဝင်ရောက်ယှဉ်ပြိုင်ကြသော နည်းပညာကုမ္ပဏီများမှ တင်သွင်းလာသည့် ဈေးနှုန်းအဆိုပြုလွှာများအား "တင်ဒါကော်မတီ" မှ စိစစ်ရွေးချယ်မှု အစည်းအဝေးကျင်းပ




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အကောက်ခွန်ဦးစီးဌာန မှ အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည့် လုပ်ငန်း (၁၀) ခု နှင့် ပတ်သက်၍ ဝင်ရောက်ယှဉ်ပြိုင်ကြသော နည်းပညာကုမ္ပဏီများမှ တင်သွင်းလာသည့် ဈေးနှုန်းအဆိုပြုလွှာများအား "တင်ဒါကော်မတီ" မှ စိစစ်ရွေးချယ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုဆောင်ရွက်နေသည့် MACCS စနစ်အထောက်အကူပြု အခြားသော ICT System များ၏ Maintenance လုပ်ငန်း (၇) ခု နှင့် လုပ်ငန်းသစ် (၃) ခု ဖြစ်သည့် Check Point Firewall ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း ၊ Check Point Firewall ပစ္စည်းများ တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်း နှင့် Software Application (Customs Detained Goods Management System-CDGMS) ရေးဆွဲခြင်းလုပ်ငန်းတို့နှင့်ပတ်သက်၍ နည်းပညာကုမ္ပဏီများ မှ အဆိုပြုတင်ပြလာသည့် ဈေးနှုန်း အဆိုပြုလွှာများအား ၂၀၂၄ ခုနှစ် ၊ ဇွန်လ ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာ ရေး ဝန်ကြီးဌာန ၊ ရုံးအမှတ် (၂၆) ၊ နေပြည်တော်အစည်းအဝေးခန်းမ ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန် ကြီးဌာန မှ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ဦးဆောင်ကျင်းပခဲ့ပါသည်။




**အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ၊ အကောက်ခွန်ဦးစီးဌာန မှ အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည့် လုပ်ငန်း (၁၀) ခု နှင့် ပတ်သက်၍ ဝင်ရောက်ယှဉ်ပြိုင်ကြသော နည်းပညာကုမ္ပဏီများမှ တင်သွင်းလာသည့် ဈေးနှုန်းအဆိုပြုလွှာများအား "တင်ဒါ ကော်မတီ" မှ စိစစ်ရွေးချယ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။**

"တင်ဒါကော်မတီ" အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ၊ ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်၊ ပင်စင်ဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်၊ အကောက်ဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ နှင့် အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲ မှ ညွှန်ကြားရေးမှူး ဦးခင်မောင်လင်း နှင့် MACCS ဌာနခွဲ မှ တာဝန်ရှိသူများနှင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်သော နည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# (၃၃) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးသို့ တက်ရောက်




(၃၃) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးတွင် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

(၃၃) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး (33 rd Meeting of ASEAN Directors–General of Customs) ကို ဗီယက်နမ်နိုင်ငံ ၊ ဖူကွက်မြို့တွင် ၂၀၂၄ ခုနှစ် ၊ ဇွန်လ (၄) ရက်နေ့ မှ (၆) ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၃) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်း အကောက်ခွန်ဆိုင်ရာ ရည်မှန်းချက်နှင့် ကတိကဝတ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊ လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးအစီရင်ခံစာများ ၊ လေ့လာသုံးသပ်ချက်အစီရင်ခံစာများ ၊ ဆောင်ရွက်ပြီးစီးမှုများ ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအားဆွေးနွေးအတည်ပြုရန် ၊ မိတ်ဖက်အကောက်ခွန်အဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အကောက်ခွန်ထိန်းချုပ်မှု ပိုမိုကောင်းမွန်စေရေး ၊ အကောက်ခွန်လုပ်ငန်းစဉ် ရှင်းလင်းလွယ်ကူစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါအစည်းအဝေးသို့ ကိုယ်စားလှယ် (၆၉) ဦး ၊ အာဆီယံအဖွဲ့ဝင်များ အချင်းချင်းအကြား အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသည့်အပိုင်းအပြီးတွင် အာဆီယံ၏ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးသည့်အပိုင်းတွင် ကိုယ်စားလှယ် (၄၉) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။




(၃၃) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးတွင် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

အဆိုပါ အစည်းအဝေးတွင် အိမ်ရှင်ဗီယက်နမ်အကောက်ခွန် ၊ လွှဲပြောင်းပေးအပ်ရမည့် သဘာပတိနှင့် လွှဲပြောင်းလက်ခံရမည့် သဘာပတိတို့က အမှာစကားပြောကြားခြင်း ၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး ၊ စီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးများ မှ ကောက်နုတ်ချက်များအား သိရှိနိုင်ရန် တင်ပြခြင်း ၊ အကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီ (CCC) ၏ တိုးတက်မှုအစီရင်ခံစာအားဆွေးနွေးခြင်း ၊ လမ်းညွှန်ချက်ချမှတ်ခြင်းနှင့် အတည်ပြုခြင်း ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (CPTFWG) ၏ တိုးတက်မှုအစီရင်ခံစာ ၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လိုက်နာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (CECWG) ၏ တိုးတက်မှုအစီရင်ခံစာ ၊ အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (CCBWG) ၏ တိုးတက်မှုအစီရင်ခံစာ ၊ အာဆီယံပြတင်းတစ်ပေါက်စနစ်ဆိုင်ရာဦးဆောင်ကော်မတီ (ASWSC) နှင့် ယင်း၏လုပ်ငန်းအဖွဲ့များက တင်ပြသည့် တိုးတက်မှုအစီရင်ခံစာများအား ဆွေးနွေး အတည်ပြုခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံအကောက်ခွန်ဆိုင်ရာအစည်းအဝေးများ၏ အချိန်ဇယားကို ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း ၊ အာဆီယံ၏ ဆွေးနွေးဖက်များ ၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆွေးနွေးရန်အတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းခြင်း ၊ အာဆီယံ၏ ဆွေးနွေးဖက်များဖြစ်ကြသည့် ဩစတြေးလျနယ်စပ်တပ်ဖွဲ့ (ABF) ၊ တရုတ်အကောက်ခွန် ၊ ဂျပန်အကောက်ခွန် ၊ ကိုရီးယားအကောက်ခွန် ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) တို့နှင့် ညှိနှိုင်းဆွေးနွေးခြင်း ၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်း (Private Sector) များ ဖြစ်ကြသည့် EU-ABC ၊ US-ABC ၊ ASEAN-BAC တို့နှင့် ညှိနှိုင်းဆွေးနွေးခြင်း ၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့အကြား သီးခြားအစည်းအဝေး ကျင်းပပြုလုပ်ခြင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

# ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကျင်းပ



ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကျင်းပစဉ်။

ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ၂၀၂၄ ခုနှစ် ၊ ဇွန်လ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ ၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ နှင့် တာဝန်ရှိသူများက In-Person တက်ရောက်ခဲ့ကြပြီး ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အဓိကအဖွဲ့ဝင်ဌာနကိုယ်စားလှယ်များက Video Conferencing စနစ် ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် Trade Facilitation Agreement ပါ ပြဋ္ဌာန်းချက်များအား သတ်မှတ်ကာလအတွင်း အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆက်စပ်ဌာနများအနေဖြင့် လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှုများ ၊ ဌာနများအလိုက် ဖြေလျှော့ဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များ နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

# ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကျင်းပ



ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကျင်းပစဉ်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ၂၀၂၄ ခုနှစ် ၊ ဇွန်လ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ ၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးများ နှင့် တာဝန်ရှိသူများက In-Person တက်ရောက်ခဲ့ကြပြီး ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့တာဝန်ရှိသူများက Video Conferencing စနစ် ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် Trade Facilitation Agreement လုပ်ငန်းစဉ်သည် စဉ်ဆက်မပြတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်ခဲ့၍ ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ၊ တက်ရောက်လာသည့် ဌာနအားလုံးအနေဖြင့် သတ်မှတ်ထားသည့် Timeline အတိုင်း အကောက်ခွန်ဦးစီးဌာနနှင့်အတူ လိုက်ပါဆောင်ရွက်၍ ပူးပေါင်းပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

# ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၁) မှ (၆၃) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၁) မှ (၆၃) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း မှ ဆွေးနွေးပြောကြားစဉ်။

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၁) မှ (၆၃) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက် မွန်းလွဲ ၁ နာရီ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်၍ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၁) မှ (၆၃) တွင် ပါဝင်သော ကုန်ပစ္စည်းများ၏ အကောက်ခွန်နှုန်းအား အကောက်ခွန်ဦးစီးဌာန၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစုမှ တာဝန်ရှိသူများက အခန်းအလိုက် ဆွေးနွေးတင်ပြရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် အသင်းအဖွဲ့များက အကောက်ခွန်နှုန်းတိုးမြှင့်ခြင်း/လျှော့ချခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားခဲ့သည်။



ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၁) မှ (၆၃) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတကာရေးရာဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး ဆွေးနွေးပြောကြားစဉ်။

အဆိုပါ အစည်းအဝေးကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အပိုဒ်(၃)တွင် “ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှ ကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများမှ အခွန်နှုန်းထားများ မြှင့်တင်၍ တားမြစ်ခြင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ တားဆီးဖမ်းဆီးမှုများကို စနစ်တကျဆောင်ရွက်ရန်” ဟူသော ဆုံးဖြတ်ချက်အရ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်သည့် ကုန်ချောပစ္စည်းများအား အခွန်နှုန်းထားတိုးမြှင့်ရန်နှင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသည့် ကုန်ကြမ်းပစ္စည်း/ကုန်ချောပစ္စည်းများ၏ အခွန်နှုန်းထားများအား ပြန်လည်သုံးသပ်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

# ရန်ကုန်ရုံးချုပ်မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာထမ်း/အမှုထမ်းများအား သြဝါဒခံယူပွဲ အခမ်းအနားကျင်းပ




ရန်ကုန်ရုံးချုပ် မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာထမ်း/ အမှုထမ်းများအား သြဝါဒခံယူပွဲ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း အမှာစကားပြောကြားစဉ်။

ရန်ကုန်ရုံးချုပ် မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ ၊ မြို့နယ်ရုံးများ ၊ အထူးစီးပွားရေးဇုန်များ ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာထမ်း/ အမှုထမ်းများအား သြဝါဒခံယူပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ် ၊ ဇွန်လ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်၍ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ၊ ညွှန်ကြားရေးမှူးများ (မူဝါဒ ၊ စစရ ၊ ဥပဒေ ၊ စီမံ ၊ နိုင်ငံတကာ ၊ ကာကွယ်ရေး ၊ ထုတ်/သွင်း) နှင့် အရာထမ်း/အမှုထမ်းအင်အား (၁၃၀) ဦး တက်ရောက်ခဲ့ကြသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန မှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချ




ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန မှ ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချနေစဉ်။

အကောက်ခွန်ဦးစီးဌာန မှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများ ဖြစ်ကြသည့် စက်မှုကုန်ကြမ်း (ဘေထုပ်) များအား အုပ်စု (၉) စုခွဲ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ် ဇွန်လ ၁၄ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အကောက်ခွန်ကုန်လှောင်ရုံ ၌ ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးနေမျိုးသူ ဦးဆောင်ကျင်းပခဲ့သည်။

# အများပြည်သူစားသုံးရန်မသင့်သော ၊ FDA ထောက်ခံချက်မရှိသော Foodstuff (Frozen Meat) များအား ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ




**အများပြည်သူစားသုံးရန်မသင့်သော ၊ FDA ထောက်ခံချက်မရှိသော Foodstuff (Frozen Meat) များအား ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ ဖျက်ဆီးခြင်းအခမ်းအနား ဆောင်ရွက်စဉ်။**

ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အများပြည်သူသုံးစွဲရန်မသင့်သော ၊ FDA ထောက်ခံချက်မရှိသော Foodstuff (Frozen Meat) များအား ဖျက်ဆီးခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ နံနက် ၉ နာရီတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ၊ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ ယန္တရားဖြင့် ဖျက်ဆီးခြင်း ၊ ဖျက်ဆီးပြီးစီးသော ပစ္စည်းများအား မြေမြှုပ်ခြင်းများ ပြုလုပ်ကြသည်။

# ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၅) အတွက် သင်ကြားပို့ချခြင်း



ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၅) အတွက် သင်ကြားပို့ချနေစဉ်။

တောင်ငူမြို့ရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း ၌ ဖွင့်လှစ်သည့် ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၅) အတွက် ၂၀၂၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန ၊ ဥပဒေရေးရာဌာနခွဲ မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်း-၄ က အကောက်ခွန်ဥပဒေ ၊ ဆက်စပ်ဥပဒေများနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းသင်ကြားပို့ချခဲ့ပြီး အမေးအဖြေကဏ္ဍများဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား (၅၆) ဦး တက်ရောက်ခဲ့ကြသည်။

# ရေတပ်အရာရှိတန်းမြင့်သင်တန်း အမှတ်စဉ်(၁၄) အတွက် သင်ကြားပို့ချခြင်း



ရေတပ်အရာရှိတန်းမြင့်သင်တန်း အမှတ်စဉ်(၁၄) အတွက်သင်ကြားပို့ချနေစဉ်။

သန်လျင်မြို့နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ၌ ဖွင့်လှစ်သည့် ရေတပ်အရာရှိတန်းမြင့် သင်တန်းအမှတ်စဉ် (၁၄) အတွက် ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန ၊ ဥပဒေရေးရာဌာနခွဲ မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်း-၄ က အကောက်ခွန်ဥပဒေ၊ ဆက်စပ်ဥပဒေများနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းသင်ကြားပို့ချခဲ့ပြီး အမေး အဖြေကဏ္ဍများဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား (၈) ဦး တက်ရောက်ခဲ့ကြသည်။

# MACCS System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့် နည်းလမ်းများ သင်ကြားပို့ချခြင်း



MACCS System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့် နည်းလမ်းများ သင်ကြားပို့ချနေစဉ်။

MACCS System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့်နည်းလမ်းများ သင်ကြားပို့ချခြင်းသင်တန်း အမှတ်စဉ် (၅) ကို အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲအသီးသီးမှ သင်တန်းသား (၁၉) ဦး ဖြင့် MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် ဇွန်လ ၁၇ ရက် မှ ၂၇ ရက် နေ့ အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းကို MACCS စနစ်ဖြင့် ကြေညာလွှာများအား Document စစ်ဆေးရာတွင်လည်းကောင်း၊ Physical စစ်ဆေးရာတွင်လည်းကောင်း ပိုမိုထိရောက်မှုရှိစေရန် နှင့် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဇွန်လ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၂၈၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**



၁၉-၆-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ IDNo. 100279314110 (15.5.2024)၊ ကုန်သေတ္တာအမှတ် BMOU1037325 / GESU 1042880/ TRHU2535844 (3X20’) တို့ဖြင့် တင်သွင်းလာသောကုန်ပစ္စည်းများအား အထူးအဖွဲ့ Suspect အရ (ကာကွယ်ရေး၊ ထုတ်/သွင်း၊စစရ) အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် အမျိုးအစားကွဲလွဲပါရှိလာသော (PVC Coated Copper Wire) (Size –1.5–185 SQMM) (Brand – RR Kable) (C/O–India) (49729 KG)၊ ခန့်မှန်းတန်ဖိုးကျပ် (၂၇၁,၅၂၁,၅၀၁/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၈-၆-၂၀၂၄ ရက်နေ့တွင် ထီးတန်းဆိပ်ကမ်း (HPT) ၌ ID No: 100278750130 (7-5-2024) ကုန်သေတ္တာအမှတ် (BMOU 2873675) (20'x1) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား စစရ (Suspect) အရ (လေလံအထူးအဖွဲ့၊ ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ) အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည် နှင့် ကွဲလွဲပါရှိလာသော (Motorcycle Battery) နှင့် (Electric Vehicle Battery) (6950 U) ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၈,၅၂၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု





၈-၆-၂၀၂၄ ရက်နေ့ ဝ၆:၀၀ နာရီအချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်စဉ် ယာဉ်အမှတ်-(9K/2238) (MITSUBISHI FUSO FS54JVZ TRUCK) ယာဉ်အား စစ်ဆေးရာယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများအား တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်လာခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော (Hot Plate) (240V,2000W) (1x24Pcs x 92Pkgs) (C/O-China) (2208 Pcs) အပါအဝင် လူသုံးကုန်ပစ္စည်း (၈)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၈,၂၃၆,၇၃၀/-) ခန့်အား လည်းကောင်း ၊ အခင်းဖြစ်ယာဉ်အမှတ်-(9K/2238) (MITSUBISHI FUSO FS54JVZ TRUCK) (8x4)(R)(T/S) (12W) (Model-2005) (C/O-Japan) (1 U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၃၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၁၉-၆-၂၀၂၄ ရက်နေ့ ၁၁:၀၀ နာရီအချိန်ခန့်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်အမှတ်-(6D/7836) (12W) ယာဉ်အား ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Brand-MALT) (100% Malt) (50 kg) (C/O-China) (320 Bags) အပါအဝင်ပစ္စည်း (၂) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၂,၂၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် - (6D/7836) (12W) (Brand-Mitshibishi Fuso FS517VY) (Type-Truck) (8×4) (R) (T/S) (Model - 1997) (C/O- Japan) (1 U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၄၀,၀၀၀,၀၀၀/-) ခန့်အား လည်း ကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၉-၆-၂၀၂၄ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Arrival) ၌ (MAI Airlines) လေယာဉ်ခရီးစဉ်အမှတ် – (8M–502/SF–4918) ဖြင့် မလေးရှားနိုင်ငံ ၊ ကွာလာလမ်ပူ မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ခရီးသည်၏ (Baggage) များအား (Arrival Exit–B) ကောင်တာ၌ ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (CEO Cafe 4 in 1) (1 x 20 Packet) (Premix coffee with Ganoderma 290 Nos) (C/O – Malaysia) (11 Pkgs) ခန့်မှန်းတန်ဖိုးကျပ် (၅,၈၀၀,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၉၀၆.၅၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု






၂၄-၆-၂၀၂၄ ရက်နေ့ ၀၉:၃၀ နာရီအချိန်ခန့်တွင် အကောက်ခွန်ဦးစီးဌာနမှ (၁၆) မိုင်၊ ကျောက်ချော စစ်ဆေးရေးစခန်းတာဝန်ကျ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးမြို့ မှ မူဆယ်မြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ်-(8H/9394) (Micro Bus) ယာဉ်အား စစ်ဆေးရာယာဉ်၏ ကြမ်းခင်း အောက်တွင် အံဝှက်များ ပြုလုပ်သယ်ဆောင်လာသည့် သတင်းစာစက္ကူပတ်၍ ထည့်ထားသော ကျောက် စိမ်းဟုယူဆရသော လက်ကောက်ကွင်းချော၊ ပုတီးကုံး၊ ပုတီးလက်ပတ်များအား တွေ့ရှိရသဖြင့် အသေး စိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်လာခဲ့ပြီး (၂၅-၆-၂၀၂၄) ရက်နေ့တွင် စစ်ဆေးခဲ့ရာ တရားဝင် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်း ဟုယူဆရသော လက်ကောက်ကွင်းချော (180 Kg) နှင့် ကျောက်စိမ်းဟုယူဆရသော ပုတီးကုံး/ ပုတီးလက် ပတ်များ (15 Kg)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၆,၅၂၅,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ်-(8H/9394) (Shwe Kyair MPV) (SK-MPV-02) (Micro Bus) (MPV) (4x2)(R) (Model-2010) (C/O-ဇုန်ထုတ်) (1 U)၊ ခန့်မှန်းတန်ဖိုးကျပ် (၄၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့် လှစ်၍ တားဆီးခဲ့ပါသည်။